# သင်၏ရန်သူကိုချစ်ပါ။

“မွန်ကန်စွာပြုသောကြောင့် ခံရသောဆင်းရဲဒုက္ခကို စိတ်ရှည်သီးခံစွာ ခံထမ်းကြလျှင် ဘုရားသခင်ရှေ့မှောက်တော်၌ အကျိုးကျေးဇူး ရရှိကြလိမ့်မည်။” (ရှင်ပေတရု ဩဝါဒစာ ပထမစောင် ၂း၂၀)



သူတော်စင် ပီတာက ပထမဆုံးခရစ်ယာန်တွေကို စာတစ်စောင်ရေးခဲ့တယ်။ လူတိုင်းကိုချစ်ခြင်းမေတ္တာထားဖို့ဖိတ်ခေါ်ပြီး ကိုယ့်ကိုအမှားလုပ်တဲ့သူတွေကို တောင်ချစ်ဖို့ ပြောခဲ့ပါတယ်။



အဲဒီအချိန်တုန်းက ခရစ်ယာန်တွေကို လူတွေက သရော်လှောင်ပြောင်ကြတယ်။ ပီတာက သူတို့ကို အခက်အခဲတွေကျော်လွှားပြီး လူတိုင်းကို ချစ်ခြင်းမေတ္တာနဲ့ပြန်တုံ့ပြန်ပြီး ရှေ့ဆက်ဖို့အားပေးခဲ့တယ်။



ဟွန်နူရပ်စ်က မာလဲရီးယားကပြောတယ်။ သမီးအတန်းထဲမှာပုံဆွဲနေတုန်း အတန်းဖော်က စာအုပ်လာပိတ်ပြီး ပုံတွေအကုန်ပျက်ဆီးလိုက်တယ်။



‘ဘာဖြစ်လို့ အဲ့လိုလုပ်တာလဲ၊ အဲ့လိုမလုပ်သင့်ဘူး။ လို့သူ့ကိုပြန်ပြောလိုက်တယ်။




ဒါပေမဲ့ချက်ချင်းဘဲ အချိန်တိုင်း ချစ်ခြင်းမေတ္တာထားရမယ်ဆိုတာ သတိရလိုက်တယ်။




‘ရပါတယ်။ ငါနင့်ကို ခွင့်လွှတ်လိုက်တယ်’ လို့ပြန်ပြောလိုက်တယ်။